(ဒုတိယအကြိမ်)

# လူငယ်တွေ စဉ်းစားဖို့

အောင်ကိုဦး (UMK)

D e s i g n   A Z M

# ကျေးဇူးစကား

အောင်ကိုဦး (UMK) ဆိုတဲ့ နာမည်တစ်ခု ရှင်သန်နေဖို့ အွန်လိုင်းမှာ ရော၊ ပုံနှိပ်စာမျက်နှာတွေမှာပါ အားပေးကြတဲ့ စာဖတ်သူများ၊ ကျေးဇူးရှင် မိဘ နှစ်ပါး နှင့် တကွ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၊ စာအုပ် အပြင်အဆင်ကို တစ်ရက်အတွင်းအပြီး အစစအရာရာ အဆင်ပြေအောင် လုပ်ပေးခဲ့တဲ့ မမေဝင်းသူ၊ မျက်နှာဖုံးဒီဇိုင်းကို စိတ်တိုင်းကျ ဖန်တီးပေးခဲ့တဲ့ ကိုအောင်ဇော်မင်း (Megamax Design Studio)၊ ထုတ်ဝေခွင့်ကူညီပေးတဲ့ Academic Weekly Educational Journal ရဲ့ အယ်ဒီတာ မရိုးပြေပြစ်အောင် (သရအိမ်စာပေ)၊ အချိန်တိုအတွင်း မြန်မြန်ဆန်ဆန် စာအုပ်ထွက် နိုင်အောင် ကြိုးစားပေးတဲ့ “မွန်း အော့ဖ်ဆက်” နှင့်တကွ ကျေးဇူး တင်ထိုက်သူများ အားလုံးကို ကျေးဇူးအထူးအထူးတင်ပါတယ်........။

*

# စာရေးသူ အကြောင်း

စာရေးသူကို ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ စခန်းမော်ကျေးရွာ တွင် အဖ ဆရာဦးကိုလေး၊ အမိ ဆရာမ ဒေါ်တုတု တို့က ၁၉၈၇ ခုနှစ် မတ်လ (၁)ရက်နေ့ (တနင်္ဂနွေနေ့) မှာ မွေးဖွားခဲ့ပြီး အမည်ရင်းမှာ အောင်ကိုကိုဦး ဖြစ်ပါတယ်။

၂၀၀၅ ခုနှစ်မှာ ပုသိမ်တက္ကသိုလ်မှ B.Sc (Marine Science) ဘွဲ့ကို ရရှိခဲ့ပြီး ၂၀၀၆ ခုနှစ်မှာ ဘွဲ့လွန်ဒီပလိုမာကို ဆက်လက် ရရှိခဲ့ပါတယ်။ ၂၀၀၂-ခုနှစ်၊ အထက်တန်းကျောင်းသား ဘဝတွင် နံရပ်ကပ်စာစောင် များတွင် ကဗျာများ၊ ဆောင်းပါးများကို စတင်ကာ ရေးသားခဲ့ပါတယ်။ ပုသိမ်တက္ကသိုလ်၊ "ရခိုင်အမျိုးသား စာပေ နှင့် ယဉ်ကျေးမှု ကော်မတီ" တွင် တွဲဖက်အတွင်းမှုး အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၀-ပြည့်နှစ်တွင် ရန်ကုန်မြို့ ဆရာကြီးဦးမြကြိုင် အင်္ဂလိပ်ဘာသာစကား သင်တန်းကျောင်းတွင် လက်ထောက်ဆရာ အဖြစ် စတင်တာဝန်ယူခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်တွင် Education Digest Journal၊ နှင့် British Council; Myanmar Network အင်တာနက် စာမျက်နှာတွင် အင်္ဂလိပ်ဘာသာစကား ဆိုင်ရာ ဆောင်းပါးများ စတင်ရေးသားခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်တွင်ဝ်နည္နမေ၊ English 4 Skills online free (အခမဲ့ အွန်လိုင်း အင်္ဂလိပ်ဘာသာ စကား သင်တန်း) ကို ဖွင့်လှစ်ကာ သင်တန်းသားပေါင်း (၈၀၀၀) ကျော်ကို သင်ကြားပို့ချပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာပဲ ACUITY ENGLISH LANGUAGE CENTER ကို တည်ထောင် ခဲ့ပါတယ်။ “(၁၄) ကြိမ်မြောက် နိုင်ငံတကာ အင်္ဂလိပ်စာ ဆရာ၊ ဆရာမ များ နှီးနှောဖလှယ်ပွဲ" ကိုလည်း တက်ရောက် ဆွေးနွေးခဲ့ပါတယ်။

"Guide to Study English Language (အင်္ဂလိပ်ဘာသာစကားလေ့လာလမ်းညွှန်)" နှင့် "အားရှိတဲ့ အချိန်မှာ ခုန်လိုက်ပါနှင့် စိတ်ဓာတ်ခွန်အားဖြည့်စာအုပ်များ" စာအုပ်များကို ရေးသားထုတ်ဝေ ခဲ့ပါတယ်။

လက်ရှိအချိန်တွင် ACUITY ENGLISH LANGUAGE CENTER တွင် ကိုယ်တိုင် သင်ကြားပို့ချလျှက်ရှိသလို၊ Education Digest Journal, British Council; Myanmar Network, Academic Weekly Educational Journal, the Union Daily Newspaper, Techspace Journal, 7 Day daily newspaper, Democracy Today newspaper, PLAN IT And Success Magazine, NetGuide Journal ၊ သွေးသစ် ဂျာနယ်၊ မောက္ခပညာရေး မဂ္ဂဇင်း၊ စံတော်ချိန် နေ့စဉ်သတင်းစာ တို့မှာ အင်္ဂလိပ်ဘာသာ စကားဆိုင်ရာ ဆောင်းပါးများ၊ ပညာရေးဆိုင်ရာ၊ လူငယ်ရေးရာ၊ ဘဝအောင်မြင်ရေးဆိုင်ရာ၊ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု ဆိုင်ရာ ဆောင်းပါးများ ရေးသား လျှက်ရှိနေပြီး၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ တက္ကသိုလ်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ အပါအဝင် နေပြည်တော်၊ မန္တလေး၊ မုံရွာ၊ ပြည်၊ မိတ္ထီလာ၊ လားရှိုး၊ စစ်ကိုင်း၊ ပခုက္ကူ၊ တောင်ငူ၊ စသည့် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ဆွေးနွေးပွဲများ၊ ဟောပြောပွဲ များကို ဟောပြောဆွေးနွေးပေးလျက် ရှိနေပါသည်။

*

# စာရေးသူ စကား

မင်္ဂလာပါ.........

စာရေးသူဟာ အင်္ဂလိပ်ဘာသာစကားဆရာ တစ်ယောက် ဖြစ်တဲ့အတွက် လူငယ်တွေနဲ့ နေ့စဉ်နဲ့အမျှ ထိတွေ့ဆက်ဆံ နေရပါ တယ်။ စာရေးသူ ကိုယ်တိုင်ကလည်း လူငယ်တစ်ယောက် ဖြစ်တဲ့ အတွက် လူငယ်တွေရဲ့ အတွေးအမြင်၊ ခံစားချက်၊ ကြိုးစား အားထုတ်မှု၊ ဖြစ်ချင်ကြတဲ့ ဘဝရည်မှန်းချက်တွေကို နားလည်ပါတယ်။ ဒီစာအုပ် လေးမှာပါတဲ့ အကြောင်းအရာတွေဟာ စိတ်ထားပြည့်ဝ မှန်ကန်ပြီး အတွေးအခေါ်ကောင်းတဲ့၊ ကိုယ့်ဘဝကို ကိုယ်တိုင်ဖန်တီးနိုင်တဲ့၊ ပတ်ဝန်းကျင်ကောင်းကျိုး၊ လောကကောင်းကျိုး၊ သယ်ပိုးနိုင်တဲ့ လူငယ်တွေ ဖြစ်နိုင်စေဖို့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်တရပ် တည်ဆောက်မှုဖြစ်စဉ်မှာ အရည်အချင်းပြည့်ဝတဲ့ လူငယ်တွေရဲ့ စွမ်းအားနဲ့ တည်ဆောက်နိုင်ဖို့ အတွက် စာရေးသူ ကိုယ်တိုင် ဖြတ်သန်းခဲ့ရတဲ့ ဘဝအတွေ့အကြုံများ နဲ့ လေ့လာမှတ်သားခဲ့ရတဲ့ စာပေများကို အခြေခံကာ ရေးသားထားခြင်းဖြစ်ပါတယ်။

တစ်ဦးတစ်ယောက်ချင်း၊ တစ်ယောက်စီတိုင်း တစ်ယောက် စီတိုင်း အောင်မြင်လာရင် လူမှုဘဝ ပတ်ဝန်းကျင်တစ်ခုလုံး၊ နိုင်ငံ တော်တစ်ခုလုံးအောင်မြင်လာမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ စာသင်စဉ် ကာလတစ်လျှောက် ပြောဖြစ်ခဲ့တဲ့အကြောင်း အရာတွေ၊ ဟောပြောပွဲ တွေမှာ ပြောကြားခဲ့တာတွေကို အားလုံးသိရှိနိုင်စေဖို့ ပြန်လည် ရေးသားကာ စာအုပ်အဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါတယ်။

လူငယ်တွေ ဆန္ဒနဲ့ ဘဝ တစ်ထပ်တည်းကျကာ အောင်မြင် နိုင်ကြပါစေ။

"မိမိဝါသနာပါရာ၊ စိတ်ဝင်စားရာမဟုတ်ဘဲ ငွေမျက်နှာကိုသာ ကြည့်၍ ရွေးချယ်လျှင် အလုပ်ဟူသည် ဘဝနှင့်အတူ အမြဲတမ်းရှိနေမည် ဖြစ်သောကြောင့် တွေ့ကြုံလာသော အခက်အခဲများ ကို ရင်ဆိုင်ကျော် လွှားရန် ခံနိုင်ရည်မရှိဘဲ လမ်းလျှောက်ရင်း လမ်းပျောက်သွားတတ်သည်ကို အထူးသတိပြု ရပါမည်။"

*

# "လူငယ်နှင့် ရွေးချယ်မှု"

လူတိုင်းသည် မွေးဖွားချိန်မှ သေဆုံးချိန်အထိ အသေးအဖွဲ့ ကိစ္စများမှ ဘဝ နှင့် သက်ဆိုင်သော ကိစ္စများအထိ နေ့စဉ်နှင့်အမျှ ရွေးချယ်မှုများ ပေါင်းများစွာ နှင့် တွေ့ကြုံကြရပါသည်။ မိမိ၏ ရွေးချယ်မှု အပေါ် မတူ၍ ် အကောင်း ၊ အဆိုး များကို စံစား၊ ခစံ ာ းကြရပါမည်။် သို့ပါ၍ အသေးအဖွဲ့ကိစ္စများမှသည် ဘဝနှင့်သက်ဆိုင်သည့် ကိစ္စများအထိ အရာရာကို စဉ်းစားသုံးသပ်ကာ ရွေးချယ်ကြရပါမည်။

လူငယ်များအတွက် ဘဝခရီးကို လျှောက်လှမ်းရာ လမ်းတစ်လျှောက်တွင် ပညာရေး၊ အလုပ်အကိုင် ရွေးချယ်ခွင့်များနှင့် ပတ်သက်၍ စာရေးသူ နားလည်သလောက် တင်ပြလိုပါသည်။ ပညာသင်ကြားကြသော လူငယ်များသည် ဆယ်တန်း အောင်မြင်သည့်အချိန်တွင် တက်ရောက်လိုသည့် ဘာသာရပ်၊ တက္ကသိုလ် စသည်တို့ကို စတင်ရွေးချယ်ကြရပါသည်။ ထိုသို့ရွေးချယ်ရာတွင် မှန်ကန်သောရွေးချယ်မှုဖြစ်သည့် ရာခိုင်နှုန်းမှာ အလွန်နည်းမည်ဟု စာရေးသူ ယူဆပါသည်။ မှန်ကန်သောရွေးချယ်မှု ဆိုသည်မှာ ပတ်ဝန်းကျင်ကသော်လည်းကောင်း၊ မိမိကိုယ်တိုင် သော်လည်း ကောင်း၊ ဂုဏ်ရှိသည်၊ ဝင်ငွေကောင်းသည် အစရှိသဖြင့် ယူဆသောအလုပ်မျိုးကိုမဆိုလိုပါ။ မိမိရည်သန်ရာ၊ မိမိအမှန်တကယ် စိတ်ဝင်စားရာ၊ ဝါသနာပါရာအလုပ်ကို မှန်ကန်စွာ ရွေးချယ်နိုင်သည်ကို ဆိုလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆယ်တန်းအောင်မြင် သည့်အချိန်တွင် မိမိကိုယ်တိုင်ကလည်း ဆုံးဖြတ်နိုင်စွမ်းမရှိသေးသလို၊ မိဘပတ်ဝန်းကျင် အသိုင်းအဝိုင်းများ၏ လွှမ်းမိုးမှုအောက်မှာ အများစုရွေးချယ်ခဲ့ကြရပါသည်။ တစ်ခါတစ်ရံ မိဘကရော၊ ကိုယ်ကိုတိုင်ပါ ဘာမှန်းမသိဘဲ ရွေးချယ်ခဲ့ကြသူများပင် ရှိပါသည်။ (မိမိရည်သန်ရာ နယ်ပယ်ကိုလွတ်လပ်စွာ ရွေးချယ်ခွင့် မရှိဘဲ ရရှိသည့် အမှတ်ပေါ်တွင် မူတည်၍ ရွေးချယ်ရသည် ကလည်း ရွေးချယ်မှု မှားယွင်းကြရသည့် အကြောင်းတစ်ရပ် ဖြစ်ပါသည်။)

တက္ကသိုလ်ပညာပြီးဆုံး၍ လုပ်ငန်းခွင်ဝင်ရောက်မည့် အချိန်တွင် ထပ်မံရွေး ချယ်ကြရပြန်ပါသည်။ ဆယ်တန်းအောင်မြင်စဉ် မှန်မှန်ကန်ကန် ရွေးချယ်နိုင်ခဲ့သူများက လုပ်ငန်းခွင်ဝင်ရောက်မည့် အချိန်တွင် မိမိရည်သန်ရာပန်းတိုင်ကို အရှိန်မြင့် လျှောက်လှမ်းရန်သာ လိုအပ်ပါသည်။ မှန်ကန်စွာ ရွေးချယ်နိုင်ခဲ့ခြင်း မရှိသည့်သူများ (ဆန္ဒနှင့် ရွေးချယ်မှု တစ်ထပ်တည်းမကျခဲ့သူများ) အတွက် ဒုတိယ အကြိမ်ရွေးချယ်ခွင့်သည် အလွန်အရေးကြီးပါသည်။ မိမိသင်ယူခဲ့သော ပညာ

ရပ်နှင့် အသက်မွေးဝမ်းကြောင်း ပြုမည်လော၊ (သို့မဟုတ်) မိမိဝါသနာ ပါရာအလုပ်ကို ရွေးချယ်မည်လား၊ ဆိုသည်မှာ သေသေ ချာချာ စဉ်းစားရပါမည်။သင်ယူခဲ့သောပညာရပ်နှင့် ဆက်လက် လုပ်ငန်းခွင် ဝင်လိုလျှင် လည်းအမှန်တကယ် အသုံးပြုနိုင်ရန် အတိုင်းအတာ တစ်ခု အထိ ဆက်လက်လေ့လာ ဆည်းပူးလေ့ကျင့်ကြရပါမည်။ သို့သော် မိမိဝါသနာပါရာ၊ စိတ်ဝင်စားရာ မဟုတ်ဘဲ ငွေမျက်နှာကိုသာ ကြည့်၍ ရွေးချယ်လျှင် **အလုပ်ဟူသည် ဘဝနှင့် အတူ အမြဲတမ်းရှိနေမည် ဖြစ်သောကြောင့် တွေ့ကြုံလာသော အခက်အခဲများကို ရင်ဆိုင်ကျော် လွှားရန် ခံနိုင်ရည်မရှိဘဲ လမ်းလျှောက်ရင်း လမ်းပျောက်သွားတတ် သည်ကို အထူးသတိပြုရပါမည်။** မိမိစိတ်ဝင်စားသည့် လုပ်ငန်းကို ပြောင်းလဲကာ ရွေးချယ်မည်ဆိုပါလျှင်လည်း တက္ကသိုလ်တွင် ရင်းနှီး မြှုပ်နှံခဲ့ရသော အချိန်၊ ငွေတို့ကို ထည့်သွင်းစဉ်းစား ကြရပါမည်။ ထို့အပြင် လုပ်ငန်းတစ်ခုတွင် အခြေကျစေရန် အနည်းဆုံး ၃ နှစ်ခန့် အချိန်ယူရမည် ဖြစ်သောကြောင့် ထပ်မံရင်းနှီးမြှုပ်နှံရမည့် အချိန်၊ ငွေကြေးအတိုင်းအတာများကိုပါ ထည့်သွင်းတွက်ချက်ရပါမည်။ အကယ်၍ သာ ထပ်မံမှားယွင်းခဲ့လျှင် အချိန်အလွန်နည်း သွားပါလိမ့် မည်။ ကျောင်းပြီးချိန်တွင် အသက်က ၁၉-၂၃ နှစ် ဝန်းကျင် နောက် ထပ် ၃ နှစ်ထည့်ပေါင်းလျှင် အသက်က ၂၁-၂၆ နှစ်ဖြစ်နေပါပြီ။ အတိုင်းအတာတစ်ခုအထိ လုပ်ငန်းခိုင်မာရန်အတွက် ကြိုးစား ပြင်ဆင်ချိန် နောက်ထပ် ၃ နှစ် ထပ်ပေါင်းပါက ၂၄-၂၉နှစ် ရောက်သွားပါလိမ့်မည်။ ၂၅-၂၈ နှစ် အများဆုံး၊ ၃၀-၃၂ နှစ်အတွင်း ဘဝအတွက် အိမ်ထောင်ဖက် ရွေးချယ်ရပါလိမ့်မည်။ ယခုအချိန်တွင် မှားယွင်းခဲ့လျှင် ကုန်လွန်ခဲ့သော အချိန်ကို ပြန်လည်အစားထိုးလိုချင် ၍ မရနိုင်တော့ပါ။ ၃၂ နှစ် ဝန်းကျင်အထိ ဘဝကအခြေမကျဘဲ အိမ်ထောင်မပြုနိုင်သေးလျှင် လောကကို နောက်ထပ်ရောက်ရှိ လာ မည့် မျိုးဆက်သစ်များအတွက် ထည့်သွင်းစဉ်းစားရပါမည်။ အဘယ့် ကြောင့်ဆိုသော် မိဘ နှင့် သားသမီးကြား အရမ်းကွာဟသွားလျှင် Generation gap ဖြစ်တတ်ပါသည်။ မိဘက သားသမီးကို အရင်းအနှီး ထုတ်ပေးရုံမျှဖြင့် အောင်မြင်မှုကို မပေးနိုင်သောကြောင့် သားသမီးလျှောက်လှမ်းလိုသော လမ်းခရီးကို လမ်းညွှန်ပြသပေး နိုင်မှသာလျှင် အောင်မြင်မှုကို ပေးစွမ်းနိုင်ပါလိမ့်မည်။ ထိုသို့ဖြစ်လိုပါ လျှင် မိဘသည် သားသမီး၏ ခေတ်ကို လိုက်မီနိုင်ရပါမည်။ အချိန်ကို အကျိုးရှိရှိ အသုံးချကာ မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရပါမည်။



အခက်အခဲမျိုးစုံကို အများဆိုသလို ကြုံတွေ့ကြရပါမည်။ အခက်အခဲ များကို တွေ့ကြုံရသောအခါ ရွေးချယ်မှု မှန်ကန်သူ၊ စိတ်ရည်သန်ရာ ကို ရွေးချယ်နိုင်သူများက ပျော်ပျော်ရွှင်ရွှင် ရင်ဆိုင်ဖြတ်သန်းနိုင်

သော်လည်း၊ ဆန္ဒ နှင့် တစ်ထပ်တည်းမကျဘဲ ရွေးချယ်မိသူများ၊ တနည်းအားဖြင့် ရွေးချယ်မှု မှားယွင်းခဲ့သူများသည် တွေ့ကြုံရသော အခက်အခဲ အသေးအမွှားများကိုပင် ပုံကြီးချဲ့ကာ ညဉ်းညူတတ်ကြပါသည်။ ငွေအမြောက်အမြား ရနေသော်လည်း လုပ်ငန်း အခက်အခဲကို ခံနိုင်ရည်မရှိဘဲ အားထုတ်မှု လျော့နည်းလာတတ်ကြပါသည်။ လုပ်ငန်းအပေါ်တွင် စိတ်ဝင်စားမှု မရှိဘဲ တာဝန်ကျေသာ လုပ်ဆောင်နေလျှင်၊ လကုန်ရက်ကို လက်ချိုးရေပြီး လစာကိုသာ ထိုင်စောင့်နေလျှင် အောင်မြင်မှုနှင့် အလှမ်းဝေးသွားပြီး နှစ်ပေါင်းများစွာ ကာလကြာအောင် ဘဝကတိုးတက်မြင့်မားနိုင်မည် မဟုတ်ချေ။ လုပ်ငန်းကို အမှန်တကယ် စိတ်ဝင်စားသူသည် အချိန်နှင့်အမျှ လုပ်ငန်းအကြောင်း စဉ်းစားကာ တီထွင်ကြံဆနေသောကြောင့် အောင်မြင်မှုရရှိရန် သေချာပါသည်။ ဆိုလိုသည်မှာ မိမိရွေးချယ်သော အလုပ်ကို အမှန်တကယ် ချစ်မြတ်နိုးရပါမည်။ သို့ရာတွင် တစ်ခါတစ်ရံ မိမိကိုယ်ကို ဘာဖြစ်ချင်မှန်းမသိကြတာလဲ ပြဿနာတစ်ခုပါ။ နောက်ထပ်တစ်ခုမှာ မိမိ၏ စိတ်ရင်းအမှန်ကို မမြင်ဘဲ နီးစပ်ရာ အသိုင်းအဝိုင်း၏ လွှမ်းမိုးမှုကို မိမိဆန္ဒဟုလည်း ထင်တတ်ကြပါသေးသည်။ လုပ်ငန်းတစ်ခုကို ရွေးချယ်ရာတွင် အဆိုပါအချက်များကို ရှောင်ကြဉ်ပြီး ဆန္ဒအမှန်တိုင်း ရွေးချယ်နိုင်စေရေးအတွက် မိမိကိုယ်ကိုမှန်မှန်ကန်ကန် သုံးသပ်နိုင်ရန် အထူးအရေးကြီးပါသည်။

သို့ပါ၍ လုပ်ငန်းခွင် ဝင်ရောက်ကြမည့် လူငယ်တိုင်း ဆန္ဒနှင့် ဘဝ တစ်ထပ်တည်းကျကာ ဝါသနာပါရာ လုပ်ငန်းနေရာမှာ အချိန်ကို စနစ်တကျ သတ်မှတ်ကာ အောင်မြင်မှုများ ရရှိနိုင်ပါစေကြောင်း ရည်ရွယ်ရေးသားလိုက်ပါသည်။

*